## ပညာရေးတွင် အစိုးရ၏အကောင်အထည်ဖော်မှုနှင့် ပုဂ္ဂလိကပါဝင်မှုများ၌ လူ့အခွင့်အရေးစံနှုန်းများကို လိုက်နာရန် လမ်းညွှန်မှုဝါဒများ

ပညာရေးဆိုင်ရာ ကျွမ်းကျင်သူများ၊ လူ့အခွင့်အရေးရှေ့နေများနှင့် ကုလသမဂ္ဂ တာဝန်ရှိသူများပါဝင်သော ဆွေးနွေးပွဲများကို သုံးနှစ်ကျော် ပြုလုပ်ခဲ့ပြီးနောက်၊ ၂၀၁၉ ဖေဖော်ဝါရီလက Ivory Coast နိုင်ငံတွင် ကျင်းပသော ညီလာခံမှ "ပညာရေးတွင် အစိုးရ၏အကောင်အထည်ဖော်မှုနှင့် ပုဂ္ဂလိကပါဝင်မှုအတွက် လူ့အခွင့်အရေးစံနှုန်းများကို လိုက်နာရန် လမ်းညွှန်မှုဝါဒများ" (The Abidjan Principles) ကို ထုတ်ပြန် ကြေငြာခဲ့ပါသည်။

စာရေးသူသည် အဆိုပါ ဆွေးနွေးပွဲများကို နော်ဝေနိုင်ငံ အော်စလိုမြို့တွင် တစ်ကြိမ်၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် တစ်ကြိမ် ပါဝင်တက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲရလဒ်များကို အခြေခံ၍ ထုတ်ပြန်လိုက်သော Abidjan Principles တွင် လမ်းညွှန်မှုဝါဒ (၉၇) ခု ပါဝင်ပြီး အဆိုပါမူများကို လွှမ်းခြုံသော မူဝါဒ (၁၀) ခု ကို အောက်တွင် ဖော်ပြထားပါသည်။

၁။ နိုင်ငံအစိုးရများသည် အရည်အသွေးရှိသော ပညာရေးကို လူတိုင်းရရှိရန် အခွင့်အရေးကို အကောင်အထည်ဖော်ရန်နှင့် ကာကွယ်ပေးရန် တာဝန်ရှိသည်။

၂။ နိုင်ငံအစိုးရများသည် ရနိုင်သမျှသော အရင်းအမြစ်များကို အစွမ်းကုန်အသုံးပြု၍ အခမဲ့ပညာရေးကို လူတိုင်းအတွက် အကောင်အထည်ဖော်ရန် တာဝန်ရှိသည်။

၃။ နိုင်ငံအစိုးရများသည် မိဘများက သားသမီးပညာရေးအတွက် အစိုးရကျောင်းများသာမက မည်သည့်ကျောင်းကိုမဆို လွတ်လပ်စွာ ရွေးချယ်ခွင့်နှင့် အစိုးရကျောင်းများ၏ အဆင့်အတန်းထက်မနိမ့်ဘဲ၊ လူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီသော ကျောင်းများအား ပုဂ္ဂလိကထူထောင်ခွင့်ကို လေးစားလိုက်နာရန် တာဝန်ရှိသည်။

၄။ နိုင်ငံအစိုးရများသည် ပညာရေးကဏ္ဍ၌ ပုဂ္ဂလိက ပါဝင်မှုကို လူ့အခွင့်အရေး စံနှုန်းများနှင့် ကိုက်ညီမှုရှိအောင် ထိထိရောက်ရောက် ဆောင်ရွက်ရန် တာဝန်ရှိသည်။

၅။ နိုင်ငံအစိုးရများသည် အခွန်ရရှိငွေများ၊ နိုင်ငံပိုင်မြေငှားရမ်းခများနှင့် နိုင်ငံတကာအကူအညီများကို ပညာရေးအသုံးစရိတ်များနှင့် အရည်အသွေးရှိသော အခမဲ့ပညာရေးအတွက် ဦးစားပေးရန် တာဝန်ရှိသည်။

၆။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီများသည် အစိုးရ၏ ပညာရေးစနစ်ကို အရည်အသွေး ရှိစေရန်နှင့် အခမဲ့ ဖြစ်စေရန် အားဖြည့်ပြီး၊ လူ့အခွင့်အရေး စံနှုန်းများနှင့် ကိုက်ညီမှုမရှိသော ပုဂ္ဂလိကကျောင်းများကို ထောက်ပံ့ခြင်းမှ ရှောင်ရှားရမည်။

၇။ နိုင်ငံအစိုးရများသည် လူတိုင်းအတွက် ပညာရေးအခွင့်အရေးကို လေးစားရန်၊ ကာကွယ်ရန်နှင့် အကောင်အထည် ဖော်ရန် တာဝန်ရှိမှုကို သေချာစေရန်အတွက် ပြည့်စုံလုံလောက်သော နည်းလမ်းများ ချမှတ်ရန် တာဝန်ရှိသည်။

၈။ နိုင်ငံအစိုးရများသည် အစိုးရကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများက ပညာရေးအခွင့်အရေးအပေါ် လေးစားလိုက်နာမှု ရှိ/မရှိ ပုံမှန် စစ်ဆေးရန်နှင့် မူဝါဒများချမှတ်ကျင့်သုံးရာတွင် လူ့အခွင့်အရေး စံနှုန်းများနှင့် ကိုက်ညီစေရန် တာဝန်ရှိသည်။

၉။ နိုင်ငံအစိုးရများသည် ပုဂ္ဂလိက ကဏ္ဍမှ ပညာရေးအခွင့်အရေး ချိုးဖောက်မှုနှင့် အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ထိထိရောက်ရောက် ဆောင်ရွက်ရန် တာဝန်ရှိသည်။

၁၀။ နိုင်ငံအစိုးရများသည် ဤလမ်းညွှန်မှုဝါဒများကို အကောင်အထည်ဖော်ရန်အတွက် ဥပဒေပြုခြင်း၊ အသုံးစရိတ်များ ပြုပြင် ပြောင်းလဲခြင်း အပါအဝင် သင့်တင့်လျောက်ပတ်သော နည်းလမ်းများကို အသုံးပြုရန် အာမခံသင့်သည်။

နိဂုံး။

အထက်ပါ လမ်းညွှန်မှုဝါဒများသည် ပညာရေးအခွင့်အရေးနှင့် အရည်အသွေးရှိသော ပညာရေးကို လူတိုင်း ရရှိစေရန် အစိုးရ၏ တာဝန်ရှိမှုနှင့် ပုဂ္ဂလိက ပညာရေးကဏ္ဍသည် လူ့အခွင့်အရေး စံနှုန်းများကို လေးစားလိုက်နာရန် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံ ပညာရေးစနစ်တွင် ပုဂ္ဂလိက ပညာရေးကဏ္ဍနှင့် ပတ်သက်၍ ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ အမြတ်အစွန်းကို ဦးမတည်ဘဲ လူတိုင်းအတွက် ပညာရေးအခွင့်အရေးနှင့် လူ့အခွင့်အရေးစံနှုန်းများကို လိုက်နာစေရန် ဆောင်ရွက်သင့်ပါသည်။

ဒေါက်တာသိန်းလွင်
စဉ်းစားတွေးခေါ်သော စာသင်ခန်း ဖောင်ဒေးရှင်း

23 July 2019

THE ABIDJAN PRINCIPLES

# The Ten Overarching Principles

The *Abidjan Principles on the human rights obligations of States to provide public education and to regulate private involvement in education* are made up of 97 Guiding Principles. In addition to these, 10 overarching Principles provide an overview and summary of the Guiding Principles. The 10 Principles should be read in conjunction with the Guiding Principles, and were adopted as a whole with the full Abidjan Principles.

Principle 1. States must respect, protect, and fulfil the right to education of everyone within their jurisdiction in accordance with the rights to equality and non-discrimination.

Principle 2. States must provide free, public education of the highest attainable quality to everyone within their jurisdiction as effectively and expeditiously as possible, to the maximum of their available resources.

Principle 3. States must respect the liberty of parents or legal guardians to choose for their children an educational institution other than a public educational institution, and the liberty of individuals and bodies to establish and direct private educational institutions, subject always to the requirement that such private educational institutions conform to standards established by the State in accordance with its obligations under international human rights law.

Principle 4. States must take all effective measures, including particularly the adoption and enforcement of effective regulatory measures, to ensure the realisation of the right to education where private actors are involved in the provision of education.

Principle 5. States must prioritise the funding and provision of free, quality, public education, and may only fund eligible private instructional educational institutions, whether directly or indirectly, including through tax deductions, of land concessions, international assistance and cooperation, or other forms of indirect support, if they comply with applicable human rights law and standards and strictly observe all substantive, procedural, and operational requirements.

Principle 6. International assistance and cooperation, where provided, must reinforce the building of free, quality, public education systems, and refrain from supporting, directly or indirectly, private educational institutions in a manner that is inconsistent with human rights.

Principle 7. States must put in place adequate mechanisms to ensure they are accountable for their obligations to respect, protect, and fulfil the right to education, including their obligations in the context of the involvement of private actors in education.

Principle 8. States must regularly monitor compliance of public and private institutions with the right to education and ensure all public policies and practices related to this right comply with human rights principles.

Principle 9. States must ensure access to an effective remedy for violations of the right to education and for any human rights abuses by a private actor involved in education.

Principle 10. States should guarantee the effective implementation of these Guiding Principles by all appropriate means, including where necessary by adopting and enforcing the required legal and budgetary reforms.